# ကြေးမုံ

**The Mirror**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ တနင်္ဂနွေနေ့ (17-11-2013) (၇၆၆၇)


**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## မုန်တိုင်းငယ်အိန္ဒိယနိုင်ငံသို့ ဝင်ရောက်ခဲ့ပြီးဖြစ်

နေပြည်တော် နိုဝင်ဘာ ၁၆

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်း ထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ တမီးနာဒူးကမ်းခြေမြောက်ပိုင်းကို နာဂပါဋ္ဌနမ်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

# ကျေးလက်မီးကင်းရေးနှင့် လျှပ်စစ်ကဏ္ဍတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိရေးဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာ တိုနီဘလဲနှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

**ဆွေးနွေး**

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူများ၏ လူမှုစီးပွားဘဝ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်မီးလင်းရေးနှင့် လျှပ်စစ်ကဏ္ဍတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးခင်ရီ၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)



# တောင်ကြီးတန်ဆောင်တိုင်မြို့နယ်လုံးကျွတ်မဟာဘုံကထိန်ပွဲတော်ကျင်းပ



တောင်ကြီး နိုဝင်ဘာ ၁၆

တောင်ကြီးတန်ဆောင်တိုင်မြို့နယ်လုံးကျွတ် မဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကျင်းပသည်။ ရပ်ကွက်များ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များက လှူဖွယ်ပစ္စည်းပဒေသာပင်များဖြင့် မြို့တွင်း စဝ်စံထွန်းလမ်း၊ နဝါးပွက်ကျောင်းလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်း လမ်းမများပေါ်တွင် အိုးစည်ဗုံမောင်း အကအခုန်များဖြင့် စည်ကားသိုက်မြိုက်စွာ ပဒေသာပင် လှည့်လည်ကြသည်။ ဝဒေသာပင်များအား ဝတ်မျိုးစုံ၊ အရွယ်မျိုးစုံတို့ကို ကားများ၊ မော်တော်ဆိုင်ကယ်များ၊ လက်တွန်းလှည်းများဖြင့် တင်ဆောင်ကြသည်များလည်းရှိပြီး ရှေးရာအတိုင်း လမ်းလျှောက်၍ ပခုံးထက်၌ တင်ဆောင်ကာ လှည့်လည်ကြသည်ကို တွေ့မြင်ကြရသည်။ ဆီးဂိမ်း လာဘ်ကောင် ဇီးကွက်ရုပ်၊ ဗိုလ်ချုပ်အောင်ဆန်းပုံတူ၊ အိမ်ပုံ၊ အရုပ်မျိုးစုံတို့ဖြင့်လည်း ပဒေသာပင်ကို ကြည်ညိုဖွယ်ဖြစ်အောင် ဆောင်ရွက်ထားကြသည်ကိုလည်းတွေ့မြင်ကြရသည်။ ပဒေသာပင်လှည့်လည်ရေး လုပ်ငန်းကော်မတီမှ

စာမျက်နှာ ၇ ကော်လံ ၅ သို့ ❍







ကမ္ဘာကျော်ကိုရီးယားဂျင်ဆင်းကိုရရန် (၆)နှစ်စောင့်ရပါသည်၊
မြန်မာ့ရတနာ ဆေးဖက်ဝင်သနပ်ခါးကိုရရန် အနည်းဆုံး(၇)နှစ်ကြာပါသည်၊

ကျွန်တော်တို့အညာဒေသက နေကလည်းပူ ဖုန်ကလည်းပေါပါတယ်။ ကျွန်တော် ရုံးကိစ္စနှင့် အပြင်သွားတဲ့ အခါမှာ မျက်နှာကမည်း၊ အဆီတွေလည်း ပြန်ပြီးတော့ ဝက်ခြံတွေပေါက်လာပါတယ်။ မျက်နှာလိမ်း Cream တွေ လိမ်းပေမယ့်လည်း ဈေးသာပေးရပြီး ထူးခြားလာခြင်းမရှိခဲ့ပါဘူး။ ကျွန်တော် အရမ်းစိတ်ညစ် ရပါတယ်။ နေ့စဉ်ထုတ်သတင်းစာထဲမှာ 'ရွှေပြည်နန်း' သနပ်ခါးလိမ်းတဲ့ သူတွေရဲ့ ကောင်းကျိုးတွေကိုဖတ်ရတော့ လိမ်းကြည့်ချင်စိတ်တွေ ပေါက်ပြီးနောက် 'ရွှေပြည်နန်းသဘာဝအသားဖြူသနပ်ခါး (ဘူးစိမ်း)' အသေးတစ်ဘူး ညီမနဲ့ဈေးက မှာလိုက်ပါတယ်။ ဝယ်တဲ့ရက်ကစပြီး သုံးဘူးမြောက်တဲ့အထိ လိမ်းလာလိုက်တာ ဝက်ခြံတွေ၊ အဆီပြန်တာတွေ ပျောက်ပြီး မျက်နှာက ဝင်းဝင်းဝါဝါ စိုစိုပြေပြေလေး ဖြစ်လာပါတော့တယ်။ အိမ်ကညီမနဲ့ ရုံးကဝန်ထမ်းတွေက မျက်နှာဘာလိမ်းထားတာလဲ ဖြူဝင်းနေတာပဲဟု မေးတော့ အရမ်းပီတိဖြစ်မိပါတော့တယ်။ ရွှေပြည်နန်းသံပရာ သဘာဝအသားဖြူသနပ်ခါး ကတော့ လိမ်းလိုက်ရင် သံပရာရနံ့ သင်းသင်းလေးနဲ့ဆိုတော့ လိမ်းရတာ လွယ်ကူပြီး စိတ်ကျေနပ်မှု အပြည့်အဝရရှိပါတယ်။ ခုလိုတင်ပြခွင့်ရရှိတဲ့ အတွက်များစွာ ဂုဏ်ယူမိပါတယ်။ ကိုအောင်ကြည်ဇေယျ (စာရင်းကိုင်-၄) စရိုင်လျှပ်စစ်စခန်း၊ အမှတ်(၅)ရပ်ကွက်၊ (၅)သခင်း၊ မြင်းခြံမြို့၊

ထပ်ဆင့်ထောက်ခံသူ............ဦးစိမ်းဆန်း (စာရင်းကိုင် -၂) စရိုင်လျှပ်စစ်စခန်း၊ အမှတ်(၅)ရပ်ကွက်၊ (၅)လမ်း၊ လျှပ်စစ်စခန်းဝင်း၊ မြင်းခြံမြို့၊

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် နေပြည်တော်လေဆိပ်တွင် ပြင်ဆင်ဆောင်ရွက်လျက်ရှိ



နေပြည်တော် နိုဝင်ဘာ ၁၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်လေဆိပ်သို့ သွားရောက်၍ နိုင်ငံတကာမှ ဧည့်သည်များ၊ အားကစားအဖွဲ့များအား ကြိုဆိုမည့်နေရာများ၊ ကျန်းမာရေးစစ်ဆေးခံမည့်နေရာ၊ Immigaration gate၊ Baggages Center နှင့် Accreditation Center များ ကြိုတင်ပြင်ဆင်ထားမှုတို့ကိုစစ်ဆေးပြီး လေဆိပ်အတွင်း မြင်သာသည့် နေရာများတွင် (27th SEA Games Family)ပါ စာတန်းများကပ်ထားရန်၊ သတ်မှတ်နေရာများတွင် Bill Board များ၊ Count Down အချက်ပြနာရီများအား စနစ်တကျထားရှိရန်၊ Bill Board များတွင်လည်း မြန်မာနိုင်ငံနှင့် နိုင်ငံတကာ ချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်ထားသည့် Logo များတပ်ဆင်ထားရန်၊ နိုင်ငံတကာမှ ဧည့်သည်များ လျင်မြန်စွာစစ်ဆေးခံဝင်ရောက်နိုင်အောင် ဆောင်ရွက်ထားရှိရန်နှင့် Immigaration gate နှင့် Medical Check gate များကို သိသာထင်ရှားစေရေး ဆိုင်းဘုတ်များထားရှိရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသောင်းထိုက်က နိုင်ငံတကာ အားကစားအဖွဲ့များအား ကြိုဆိုမည့်ဝင်လပ်းတစ်လျှောက်၌ မြန်မာ့သဘာဝကို ဖော်ကျူးသည့် တေးဂီတများဖြင့် မြန်မာပြည်၏ နွေးထွေးသောကြိုဆိုမှုကို ဖော်ပြစေလိုကြောင်းနှင့် ပြည်တွင်း ပြည်ပဆိုက်ရောက်ခရီးသည်များရောက်ရှိရာ လမ်းကြောင်းများတွင် (Waiting Area)များ ထားရှိရေးတို့ကို ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို နိုဝင်ဘာ ၂၄ ရက်မတိုင်မီ ပြီးစီးအောင်ဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းကော်မတီအလိုက်ဆောင်ရွက်ရန် အခက်အခဲရှိသည်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန်နှင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲကြီးဖြစ်သည်နှင့်အညီ ဝန်ကြီးဌာနအားလုံးမှ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

★ ကျောဖုံးမှ

လာရောက်အော်ဟစ်တောင်းဆိုခဲ့ကြကြောင်း၊ မိမိတို့အနေဖြင့် ယာခင်းများသို့ သွားရောက်မည့် လှည်းများ၊ နွားများ၊ ဆိတ်/သိုးများနှင့် နွားစာရိတ်သိမ်းသူများအား ဖြတ်သန်းဝင်၊ ထွက်သွားလာခွင့်ပြုထားကြောင်းပြောကြားမှုသဖြင့် ညနေ ၅ နာရီ ၅၅ မိနစ်တွင် အဖွဲ့လိုက်လူစုခွဲ၍ ကျေးရွာအတွင်းသို့ ပြန်လည်ဝင်ရောက် လူစုကွဲသွားခဲ့ကြောင်း။



လ ၁၅၀၁၆၀ ရဲအုပ်မြင့်ဆွေ ရတရ(၁၆)ကို ယာလက်မောင်းဖူးရောင်ဒဏ်ရာ တစ်ချက်၊ ဖွေးစေ့ဖူးရောင် ဒဏ်ရာတစ်ချက်တို့ဖြင့် တွေ့ရစဉ်။

နိုဝင်ဘာ ၀၄ ရက်တွင် မိုးကြိုးဖြင်တောင်ရွာမှ ရွာသူ ရွာသား ၆၅ ဦးခန့်၊ မိုးကြိုးပြင်အလယ်ရွာမှ ရွာသူ ရွာသား ၄၀ ခန့်နှင့် တံကျေးရွာမှ ရွာသူရွာသား ၃၀ ခန့်မှာ အကြိမ်ကြိမ်လာရောက်၍ နှစ်ထပ်ဘန်ကာနှင့် သံဆူးကြိုးများ၊ ဘယ်ရီဂိတ်များဖယ်ရှားပေးရေးနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များ ရုပ်သိမ်းပေးရေး အော်ဟစ်တောင်းဆိုခဲ့ကြသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးဦးဆောင်သည့် အဖွဲ့မှ ရွာသူ ရွာသားများအား မိမိတို့၏နစ်နာဆုံးရှုံးမှုများကို ဆက်ဆံရေးရုံးသို့ လာရောက်တင်ပြနိုင်ကြောင်း (သို့မဟုတ်) ဥပဒေနှင့်အညီ တင်ပြခွင့်ပြုချက်ရယူ၍ တရားဝင်ဆန္ဒဖော်ထုတ်သင့်ကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ ဒေသတည်ငြိမ်ရေးအတွက် သွေးထိုးလှုံ့ဆော်မှုများကြောင့် မလိုလားအပ်သောပြဿနာများမဖြစ်ပေါ်စေလိုကြောင်း၊ အေးချမ်းစွာလူစုခွဲရန်နှင့် မိမိတို့နစ်နာဆုံးရှုံးမှုများကို ဥပဒေဘောင်အတွင်းမှ နည်းလမ်းတကျဖြေရှင်းသင့်ကြောင်း၊ တောင်ယာလုပ်ငန်းခွင်သို့ ပင်ထွက်သွားလာမှု၊ ဆိတ်ကျောင်း၊ နွားကျောင်းသွားလာမှုနှင့် ရိုးသားစွာဖြတ်သန်းသွားလာမှုများကို ခွင့်ပြုပေးလျက်ရှိကြောင်း၊ သို့သော် ပြဿနာဖန်တီးလိုသဖြင့် ဥပဒေနှင့်ဆန့်ကျင်သော လူစုလူဝေးဖြင့် အနိုင်အထက်ပြုကာ မရိုးမဖြောင့်သောသဘောဖြင့် ဝင်ရောက်ခြင်းကိုသာ တားမြစ်ခြင်းဖြစ်ကြောင်း၊ နှစ်ထပ်ဘန်ကာတည်ဆောက်သည့်နေရာမှာလည်း ပုသိမ်-မုံရွာကားလမ်း၏ လပ်းနယ်နိမိတ်အတွင်းတွင်ဖြစ်ကြောင်း၊ မည်သည့်မိုက်ခင်းကိုမျှ ထိခိုက်ဂျက်စီးအောင်ပြုလုပ်ခြင်းမရှိကြောင်း၊ ရှင်းလင်းဆောင်ရွက်ခဲ့ကြကြောင်း၊ သို့သော်လည်း ဒေသခံများမှ နားလည်သဘောပေါက်ခြင်း၊ လက်ခံခြင်းလုံးဝမရှိဘဲ ည ၇ နာရီ ၄၅ မိနစ်ခန့်တွင် ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် နေရာအား ကျောက်ခဲများ၊ လေးခွများဖြင့် လာရောက်ပစ်ခတ်ခဲ့ကြောင်း။

ဗဝ်းဖြစ်စဉ်အရ အခင်းဖြစ်သည့်နေရာသို့ အင်အားဖြည့်ဆည်းကြပ်မတ်ကွပ်ကဲရန်အတွက် ထွက်ခွာလာသော ရဲတပ်ဖွဲ့ယာဉ်နှစ်စီးအား ပုသိမ်-မုံရွာကားလမ်း၏ အနောက်ဘက်တွင်



ဝဲပါးရိုးပေါက်ပြဲဒဏ်ရာရရှိသည့် လ ၁၉၆၆၀၅ ဒုတပ်ကြပ် ဂျီးဇက်အားတွေ့ရစဉ်။

ကြိုတင်ရောက်ရှိနေရာယူထားသည့် ကျေးရွာသားအချို့က ယာဉ်များအား စတင်၍ လေးခွဖြင့်ဝစီခတ်ချဉ်းကပ်လာသဖြင့် တပ်ရင်းမှူးဦးစီးအဖွဲ့မှ ဒိုင်းများဖြင့်ကာ၍ အကြပ်မဖက်ရန်နှင့် လူစုခွဲရန်သတိပေးပြောကြားခဲ့သော်လည်း လိုက်နာမှုမရှိသည့်အပြင် အကြမ်းဖက်လိုသော ရွာသားအချို့သည် အခင်းဖြစ်နေရာသို့ လာရောက်ပူးပေါင်းခဲ့ကြသဖြင့် အင်အား ၁၅၀ ကျော်ခန့်စုစည်းမိကာ ကျောက်ခဲများ၊ စက်ဘီးကုန်းသီးများ၊ နပ်ခေါင်းများ၊ ဖန်ဝေါ်လီလုံးများကို လေးခွများဖြင့် အနီးကပ်ဝစ်ခတ်ခဲ့ကြောင်း။

အကြမ်းဖက်မှုတွင် ရဲတပ်ဖွဲ့ဝင်များအား ထိမိဒဏ်ရာရရှိစေခဲ့သဖြင့် ပထမအဆင့်အနေဖြင့် ခြောက်လှန့်အသံပေး ပစ်ခတ်ခဲ့သော်လည်း အကြမ်းဖက်မှုများပြုလုပ်သူ ရွာသူရွာသားများက ထိမှန်အောင်မပစ်ရဲဟု အော်ဟစ်ပြီး လုံးထွေးသတ်ပုတ်ရန် ချဉ်းကပ်လာသဖြင့် မလွှဲမရှောင်သာသောကြောင့် ဥပဒေနှင့်ဆန့်ကျင်သော လူစုလူဝေးအား အမိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြစ်သည့် ၁၂ ဘို့ပြောင်းချောသေနတ်ကို အသုံးပြု၍ ရော်ဘာကျည်ဖြင့် ၃၈ ချက်ပစ်ခတ်ခြင်း၊ စက္ကူပြောက်အိုး ၁၈ လုံးဖောက်ခွဲပြုလုပ်မှသာ အကြမ်းဖက်သောလူစုလူဝေးသည် ကျေးရွာအတွင်းသို့ ပြန်လည်ဝင်ရောက်သွားပြီး လေးခွများဖြင့်အဝေးမှပစ်ခတ်ခြင်း၊ အော်ဟစ်ဆဲဆိုခြင်းများပြုခဲ့ကြကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်နှစ်စီး၏ ရှေ့လေကာမှန်နှင့် နောက်ကြည့်မှန်ကွဲကြေခဲ့ကာ ရဲတပ်ဖွဲ့ဝင်ကိုးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် မုံရွာမြို့ပြည်သူ့ဆေးရုံတွင် ဆေးကုသခဲ့ရကြောင်း။

အကြမ်းဖက်မှုများ ပြုလုပ်သူရွာသူရွာသားများဘက်မှ ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းတို့အား ကုသမှုပေးရန်အတွက် ဆားလင်းကြီးမြို့နယ်ပြည်သူ့ဆေးရုံတွင် စီစဉ်ထားရှိသော်လည်း လာရောက်ကုသမှုခံယူခြင်းမပြုဘဲ ၎င်းတို့ အစီအစဉ်ဖြင့် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် သွားရောက် ကုသမှုခံယူခဲ့ကြောင်း။

အကြမ်းဖက်မှုကြောင့် ဖြစ်ပေါ်ခဲ့သောပဋိပက္ခဖြစ်စဉ်တွင် ရဲတပ်ဖွဲ့အနေဖြင့် ပုဒ်မ-၁၄၄ ထုတ်ပြန်ထားသော စီမံကိန်းနယ်မြေဧရိယာ လုံခြုံရေးတာဝန်ထမ်းဆောင်နေစဉ်အတွင်း လူစုလူဝေးဖြင့် အကြမ်းဖက်လာခြင်းအား မိမိကိုယ်မိမိ ခုခံကာကွယ်ပိုင်ခွင့်ရလည်းကောင်း၊ မကာကွယ်မခုခံလျှင်အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေသို့ ရောက်ရှိလာ၍လည်းကောင်း၊ မလွှဲမရှောင်သာဘဲ အမိကရုဏ်း နှိမ်နင်းရေးလက်နက်ဖြစ်သည့် ပြောင်းချောသေနတ်၊ ရော်ဘာကျည်ဖြင့်သာ အသုံးပြုပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဖြစ်စဉ်တွင် စာနယ်ဇင်း သတင်းမီဒီယာအချို့ကို ကြိုတင်စီစဉ်ထားရှိပြီး လူစုလူဝေးဖြင့် ညအမှောင်ချိန်တွင် အကွက်ဆင်ရန်စတိုက်ခိုက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေနှင့်ဆန့်ကျင်သော လူစုလူဝေးဖြင့် လုံခြုံရေးတပ်ဖွဲ့ပင်များအား လက်ရောက် ကျူးလွန်မှုအတွက် နိုဝင်ဘာ ၀၄ ရက် ည ၁၁နာရီ ၀၀ မိနစ်တွင် ရဲအုပ်ကျော်မင်းနိုင်က တရားလိုပြုလုပ်ကာ ဆားလင်းကြီးမြို့ မြို့မရဲ စခန်း(ပ)၂၈၀/၁၃၊ ပြစ်မှုဝဒ်မ ၁၄၃/ ၃၃၃/၃၄ ဖြင့်လည်းကောင်း၊ ရဲတပ်ဖွဲ့ပိုင်ကားများအား ပျက်စီးအောင် ဖျက်ဆီးမှုအတွက် ခြည်သုပိုင် ၆(၁)ဖြင့်လည်းကောင်း အမှုဖွင့် အရေးယူဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



နိုဝင်ဘာ ၀၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင်ပြစ်စဉ်မှ ဖျက်ဆီးခံရသည့် ယာဉ်တစ်စီးအား တွေ့ရစဉ်။

# အစွန်းရောက်ခြင်းကို ဆန့်ကျင်ခြင်းနှင့်ဘာသာကွဲများအကြား နားလည်မှုတည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ တိုနီဘလဲပြောကြား

ရန်ကုန် နိုဝင်ဘာ ၁၆

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် အဓိကရင်ဆိုင်နေကြရသည့် စိန်ခေါ်မှုဖြစ်သည့် ဘာသာကွဲများအကြား ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် “ ဘယ်လောက်ပဲခက်ခဲပါစေ မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး” ဟု ဗြိတိသျှဝန်ကြီးချုပ်ဟောင်းက ပြောကြားသည်။

အစွန်းရောက်ခြင်းကို ဆန့်ကျင်ခြင်းနှင့် ဘာသာကွဲများအကြား နားလည်မှုတည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ နိုဝင်ဘာ ၁၅ ရက်တွင် နိုင်ငံရေးပါတီများ၊ ဘာသာရေးအသင်းအဖွဲ့များအား ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ တွေ့ဆုံပွဲတွင် ဗြိတိသျှဝန်ကြီးချုပ်ဟောင်း တိုနီဘလဲက ယခုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

“မတူညီတာတွေ စပေါင်းထားတာကို ဒီမိုကရေစီလို့ခေါ်ပါတယ်။ မတူညီတဲ့ လူမျိုးယဉ်ကျေးမှုတွေအကြား ကောင်းမွန်တဲ့ဆက်ဆံရေးဖြစ်အောင် တည်ဆောက်သင့်ပါတယ်။ ၂၁ ရာစုရဲ့ ကြီးမားတဲ့စိန်ခေါ်မှုတွေကို မတူညီတဲ့လူတွေ ပူးပေါင်းလုပ်ဆောင်ရင်းဖြင့် တစ်ဦးပေါ်တစ်ဦး အမြင်ချင်းဖလှယ်လေ့လာသင်ယူကြရပါမယ်။ ရှေ့ဆက်ခရီးကို အတူတကွသင့်သင့်မြတ်မြတ်နဲ့ ရှေ့ဆက်နိုင်အောင်စဉ်းစားရပါမယ်။ တစ်ဦးနဲ့တစ်ဦးခွင့်လွှတ်ဖို့၊ တစ်ဦးရဲ့ခံစားချက်ကို တစ်ဦးက နားထောင်နိုင်ဖို့လိုပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်တယ်ဆိုတာ အချိန်ပေးရတဲ့လုပ်ငန်းဖြစ်ပေမယ့် မဖြစ်နိုင်ဘူးဆိုတာမရှိပါဘူး”ဟု ၎င်းက ဆက်လက်အကြံပြုသည်။

လူမျိုးယဉ်ကျေးမှု မတူညီသည့်ဘာသာကွဲများအကြား ကောင်းမွန်သည့်ဆက်ဆံရေး၊ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် မြောက်အိုင်ယာလန်၊ ပါလက်စတိုင်း၊ အစ္စရေးနိုင်ငံတို့နှင့် ဥပမာများပေးကာ ဆွေးနွေးသွားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာနမှ ဒေါက်တာကျော်ရင်လှိုင်က မေးခွန်းများကိုမေးမြန်းရာ ဗြိတိသျှဝန်ကြီးချုပ်ဟောင်းက ပြန်လည်ဖြေကြားခဲ့သည်။

(သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာ တိုနီဘလဲ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာ တိုနီဘလဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

# ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမှ ရှောင်ကြဉ်သည့် အခြေခံမူတို့ကို အပြည့်အဝလေးစားမည်

## ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ပူးတွဲကြေညာချက်

(၁၇-၁၁-၂၀၁၃)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ဖိတ်ကြားချက်အရ အိုအိုင်စီ အတွင်းရေးမှူးချုပ်၊ ဂျီဘူတီနှင့် တူရကီနိုင်ငံခြားရေးဝန်ကြီးများ၊ ဘင်္ဂလားဒေ့ရှ်၊ အီဂျစ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဆော်ဒီအာရေဗီးယား နိုင်ငံခြားရေးဝန်ကြီးဌာနများမှ အဆင့်မြင့် ကိုယ်စားလှယ်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄-၁၆ ရက်နေ့အထိ လာရောက်ခဲ့ပါသည်။

၂။ အဆိုပါ လေ့လာရေးခရီးစဉ်ကြောင့် အိုအိုင်စီကိုယ်စားလှယ်အဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွင်း ပြည်သူများ၏ မျှော်လင့်ချက်ဆန္ဒများနှင့်အညီ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကိုရရှိရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဦးဆောင်မှုဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးပြောင်းလဲမှုများကို ဆောင်ရွက်နေမြင်းအား လက်တွေ့ကျကျ သိမြင်လေ့လာနိုင်သည့်အခွင့်အရေး ရရှိခဲ့ပါသည်။

၃။ လူ့အသိုက်အဝန်းများအကြား ပြန်လည်သင့်မြတ်ရေး၊ နားလည်သည်းခံရေးနှင့် လူ့အဖွဲ့အစည်း၏ ကဏ္ဍအသီးသီးများ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးတို့ ဖြစ်ထွန်းလာစေရန်စသည့် အစိုးရ၏ဆောင်ရွက်ချက်များကို ဘာသာများအကြားနှင့် လူ့အသိုက်အဝန်းများအကြား တွေ့ဆုံဆွေးနွေးမှုနှင့် နားလည်မှုကို အားပေးခြင်း၊ လူ့အသိုက်အဝန်း ခေါင်းဆောင်များအား ထောက်ခံအားပေးခြင်း စသည့် နည်းလမ်းများဖြင့် အားပေးသွားမည်ဖြစ်သည်။

၄။ ရခိုင်ပြည်နယ်အပါအဝင် အကြမ်းဖက်မှုများ ပပျောက်ရေးဆောင်ရွက်ရန်၊ ပြည်သူများအား အကြမ်းဖက်မှုများမှ ကာကွယ်ရန်၊ လူ့အခွင့်အရေးအား လေးစားလိုက်နာရန်နှင့် အခြေခံလွတ်လပ်ခွင့်များအား ရရှိစေရန် ဆောင်ရွက်မည့် မြန်မာအစိုးရ၏ ကြေညာချက်များနှင့် အာမခံပြောကြားချက်များအား ကိုယ်စားလှယ်အဖွဲ့က ကြိုဆိုပါသည်။

၅။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မိန့်ခွန်းများအား မှတ်သားဖြီး အထူးအရေးကြီးကြောင်းလည်း တွေ့ရှိရပါသည်။ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပြောကြားခဲ့သည့် မိန့်ခွန်းတွင် အကြမ်းဖက်မှုကျူးလွန်သူများအား တရားဥပဒေအရ ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း အာမခံချက်လည်း အပါအဝင်ဖြစ်သည်။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ တည်ထောင်ခဲ့ခြင်းကိုလည်းကောင်း၊ ဘာသာကြီးငါးခုမှ ဘာသာရေးခေါင်းဆောင်များ တွေ့ဆုံနှီးနှောဖလှယ်မှုပွဲသို့ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ပေးပို့ခဲ့သည့် သဝဏ်လွှာတို့လည်းကောင်း ကိုယ်စားလှယ်အဖွဲ့က မှတ်သားထားပါသည်။

၆။ အိုအိုင်စီကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံအစိုးရမှ ဖိတ်ကြားခဲ့ခြင်းနှင့် မြန်မာအစိုးရ နိုင်ငံတကာ အသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့်အညီ အိုအိုင်စီအဖွဲ့နှင့်လည်းကောင်း၊ ၎င်း၏အဖွဲ့ဝင်နိုင်ငံများနှင့် လည်းကောင်း ထိတွေ့ဆောင်ရွက်ရန် အသင့်ရှိခြင်းကို ကိုယ်စားလှယ်အဖွဲ့မှ အထူးတန်ဖိုးထားပါသည်။ ခရီးစဉ်အတွင်း ရခိုင်ပြည်နယ် လူမှုစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန် တာဝန်ပေးထားသော လုပ်ငန်းကော်မတီများအား ကြီးကြပ်ကွပ်ကဲသည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သော ဗဟိုကော်မတီနှင့် ထိတွေ့ဆွေးနွေးရန်အတွက်လည်းကောင်း စီစဉ်ဆောင်ရွက်ပေးမှုများအတွက် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ကျေးဇူးတင်ပါသည်။

၇။ အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများအား ပြန်လည်သုံးသပ်ခြင်းကို နိုင်ငံတကာစံနှုန်းများနှင့် ဒီမိုကရေစီမှုများအရ ကိုက်ညီစွာဖြင့် ဆောင်ရွက်နေမှုများကို ကိုယ်စားလှယ်အဖွဲ့အနေဖြင့် အလေးအနက်ထားပါသည်။ မြန်မာအစိုးရမှ ဆောင်ရွက်နေသလို အခြေခံလွတ်လပ်ခွင့်များကို ကန့်သတ်ရာရောက်သည့် ဥပဒေများအား ပြင်ဆင်ခြင်းအပါအဝင် ဥပဒေပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် တိုက်တွန်းပါသည်။

၈။ ရခိုင်ပြည်နယ်အခြေအနေအပါအဝင် လူမျိုးနွယ်နှင့် ဘာသာရေးဆိုင်ရာ လူနည်းစုများအပေါ် သက်ရောက်မှုရှိသည့် လူ့အခွင့်အရေး၊ နိုင်ငံသားဖြစ်မှု၊ စီးပွားရေးအခွင့်အလမ်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန် စိတ်ပိုင်းဖြတ်ထားမှုနှင့် ဆောင်ရွက်ချက်များကို မြန်မာအစိုးရမှ ရှင်းလင်းပြောကြားချက်များအား မှတ်သားထားပါသည်။

၉။ အရပ်ဘက်လူ့အဖွဲ့အစည်းများအပါအဝင် အိုအိုင်စီအဖွဲ့ဝင်နိုင်ငံများနှင့် အဖွဲ့အစည်းများက အစိုးရနှင့် အပြည့်အဝ ပေါင်းစပ်ညှိနှိုင်း၍ လူသားချင်းစာနာထောက်ထားမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လက်ရှိအထောက်အပံ့များ ပေးအပ်နေမှုများကို အိုအိုင်စီအဖွဲ့ဝင်နိုင်ငံများမှ ဆက်လက်ပံ့ပိုးဆောင်ရွက်သွားရန် အသင့်ရှိနေကြောင်း ကိုယ်စားလှယ်အဖွဲ့က ဖော်ပြအပ်ပါသည်။ အိုအိုင်စီအဖွဲ့နှင့် ၎င်း၏ အဖွဲ့ဝင်နိုင်ငံများသည် လူမျိုး၊ တိုင်းရင်းသားမျိုးနွယ်နှင့် ဘာသာရေးတို့အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှုမပြုသည့် အခြေခံမူအပေါ် ရပ်တည်ချက်ကို အိုအိုင်စီကိုယ်စားလှယ်အဖွဲ့က အာမခံကြောင်း မြန်မာအစိုးရကို ပြောကြားခဲ့ပါသည်။ ဤအခြေခံမူအပေါ် ရပ်တည်ချက်အရ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှတစ်ဆင့် ခွဲခြားမှုမရှိဘဲ ပေးအပ်ရေးကို သေချာစွာဆောင်ရွက်ရန် နှစ်ဖက်သဘောတူကြသည်။

၁၀။ ကုလသမဂ္ဂအထွေထွေညီလာခံ၌ မြန်မာအမြဲတမ်းကိုယ်စားလှယ်က "အစိုးရအနေနှင့် အိုအိုင်စီအဖွဲ့ဝင် နိုင်ငံများအပါအဝင် မည်ကဲ့သို့သော အဖွဲ့မဖြစ်စေ ရရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့မှုများနှင့်စပ်လျဉ်း၍ ထောက်ပံ့မှုသည် ခွဲခြားဆက်ဆံမှုမရှိဘဲ ထိခိုက်ခံရသော လူ့အသိုက်အဝန်း နှစ်ရပ်လုံးအတွက် ရည်ရွယ်ခြင်းဖြစ်ပါက ထိုသို့ ထောက်ပံ့ခြင်းကို အစိုးရမှလည်း ကူညီဆောင်ရွက်ပေးသွားရန် အသင့်ရှိကြောင်း" ပြောကြားခဲ့သည်ကို ကျေနပ်အားရပါသည်။ မြန်မာအစိုးရနှင့် အိုအိုင်စီအဖွဲ့သည် ကဏ္ဍအသီးသီး၌ ဆက်လက်ထိတွေ့ဆောင်ရွက်သွားရန် ဆန္ဒရှိကြပါသည်။ မြန်မာအစိုးရက စိန်ခေါ်မှုများအားလုံးကို ရင်ဆိုင်ဖြေရှင်းရာ၌ အိုအိုင်စီအဖွဲ့အနေဖြင့် သက်ဆိုင်၍ လိုအပ်သော အကူအညီပေးနိုင်ရန် သတင်းအချက်အလက်များ ကဏ္ဍပေါင်းစုံ၌ ဖလှယ်သွားရန် ဆန္ဒရှိကြပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် လူသားပဓာနဆိုင်ရာ တည်သောသဘောထား၊ မြန်မာနိုင်ငံ၏ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် အချုပ်အခြာအာဏာ၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ပင်ရောက်စွက်ဖက်ခြင်းမှ ရှောင်ကြဉ်သည့် အခြေခံမူတို့ကို အပြည့်အဝလေးစား၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

၁၁။ အိုအိုင်စီကိုယ်စားလှယ်အဖွဲ့နှင့် အိုအိုင်စီအဖွဲ့ဝင်နိုင်ငံများအား မြန်မာနိုင်ငံအတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီအပြည့်အဝ ရရှိရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးဆိုင်ရာကောင်းကျိုးများ ဆက်လက်ဖြစ်ပေါ်တိုးတက်ရေးတို့တွင် ကူညီဆောင်ရွက်ရန် စိတ်ပါဝင်စားမှုရှိသည်ကို မြန်မာနိုင်ငံအစိုးရက အသိအမှတ်ပြုကြောင်း ဖော်ပြအပ်ပါသည်။

# Myanmar People Forum ပထမဦးဆုံးအကြိမ် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၆

မြန်မာနိုင်ငံအတွင်းရှိ ပြည်တွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ သီးသန့်ပြုလုပ်သော ပထမဦးဆုံး အကြိမ် Myanmar People Forum ကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်ထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ကျင်းပသွားမည်ဖြစ်ကြောင်း Myanmar People Forum ဖြစ်မြောက်ရေးစီစဉ်သူထံမှ သိရသည်။

အဆိုပါ Forum အတွင်း Peace, Development, Justice/Human Rights, Democratization စသည့် ခေါင်းစဉ်များဖြင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရပြီး ယင်းဆွေးနွေးပွဲသို့ မြန်မာလူမှုအဖွဲ့အစည်းများရှိ ပညာရှင်များက ပါဝင်ဆွေးနွေးသွားမည်ဖြစ်ကာ အခြားစိတ်ဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးရန် ဖိတ်ခေါ်ထားကြောင်းလည်း သိရသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲ ခေါင်းစဉ်လေးခုအတွင်း ခေါင်းစဉ်တစ်ခုစီ၌ အကြောင်းအရာ လေးခုစီဖြင့် ဆွေးနွေးသွားကြမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးပွဲသို့ တက်ရောက်ကြသော CBO/SHG/Individual/Student များအတွက် ငွေကျပ် ၁၀၀၀၊ LNGO/Network များအတွက် ငွေကျပ် ၃၀၀၀၊ INGOများအတွက် ငွေကျပ် ၁၀၀၀၀၊ UN/Embassy များအတွက် ငွေကျပ် ၁၅၀၀၀ နှင့် မီဒီယာများ အခမဲ့ တက်ရောက်နိုင်ကြကြောင်းဖြင့် အသီးသီး သတ်မှတ်ထားရှိကြောင်းလည်း သိရသည်။ Myanmar People Forum သို့ တက်ရောက်ဆွေးနွေးကြမည့်သူများ အနေဖြင့် ၎င်းတို့၏ ဝက်ဘ်ဆိုက်ဖြစ်သော www.myanmarpeopleforum.org သို့ ဝင်ရောက်စာရင်းပေးသွင်းနိုင်ကြောင်းလည်း သိရသည်။

၂၀၁၄ ခုနှစ် မတ်လ၌ ကျင်းပမည့် ASEAN People's Forum မကျင်းပမီ Myanmar People Forum ကို ပြုလုပ်ခြင်းဖြစ်ပြီး Myanmar People Forum ကို ၂၀၁၁ ခုနှစ် အောက်တိုဘာလ၌ Working Group အမည်ဖြင့် မြန်မာအရပ်ဘက်လူမှုအဖွဲ့အစည်း ၁၃ ဖွဲ့မှ စတင်ဆွေးနွေးလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(စိုးဝင်း-MLA)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၇--၁၁--၂၀၁၃ (တနင်္ဂနွေနေ့)

[၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် (ဥပုသ်နေ့)]

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၂၀ | မင်းကွန်းဆရာတော်ကြီး၏ အရဝ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော် |
| ၆း၃၅ | "ကြည်ညိုဦးခိုက်ဖူးလိုက်စို့ တူပျော် မကွေးမြသလွန်စေတီတော်" |
| ၇း၂၀ | "နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အဖွဲ့ဝင် ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကျောက်မဲမြို့ သဒ္ဓမ္မပါလစာသင်တိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တဝေပုလ္လ (အဂ္ဂမဟာပဏ္ဍိတ) ဟောကြားတော်မူအပ်သော သာမညဖလသုတ် တရားတော်" |
| ၁၁း၀၀ | ဂီတတံခါးလေးဖွင့်ပါဦး |
| ၁၂း၂၅ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ် |
| ၀၂း၄၀ | ဖြူ/မည်းရုပ်ရှင် "နံ့သာနီတောင်" (ကျော်ဝင်း၊ ခင်မောင်ညွန့်၊ တင်တင်မူ၊ ခင်ခင်ရီ) (ဒါရိုက်တာ-ဦးဘဇင်) |
| ၃း၄၀ | "မီးပုံးပျံပွဲနွှဲစို့မပျော်ရွှင် ပန်းမြို့တော်ခေါ် ပြင်ဦးလွင်" |
| ၄း၃၅ | "တန်ဆောင်မုန်းလ" |
| ၄း၄၅ | ဆိုကြမယ် ပျော်ကြမယ် |
| ၈း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း -"သီတဂူဆရာတော်ကြီး၏ သာမညဖလသုတ္တန် တရားတော်" |

# မြန်မာနိုင်ငံလွှတ်တော်၏ ဦးစားပေးလုပ်ငန်းစဉ်များ ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား International Republican Institute (IRI)၏ ညွှန်ကြားရေးမှူးများ ဘုတ်အဖွဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သူ သံအမတ်ကြီး Mr. Richard Williamson သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ကော်မတီဆောင် အမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံလွှတ်တော်၏ ဦးစားပေးလုပ်ငန်းစဉ်များ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်လာနိုင်သည့်အခွင့်အရေးများ၊ စိန်ခေါ်မှုများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်အတူ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးကြည်ထွန်းဝင်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

(သတင်းစဉ်)



## လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ International Republican Institute (IRI)၏ ညွှန်ကြားရေးမှူးများ ဘုတ်အဖွဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သူ သံအမတ်ကြီး Mr. Richard Williamson အား နေပြည်တော်ရှိ လွှတ်တော်ကော်မတီဆောင် အမှတ်(၁)၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

# 'သုတစုံလင်စာပေရေချမ်းစင်' ရုပ်မြင်သံကြားဇာတ်လမ်းများတွင် ဝါဝင်ကူညီခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြု

ရန်ကုန် နိုဝင်ဘာ ၀၆

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပသည့် "သုတစုံလင်စာပေရေချမ်းစင်" ရုပ်မြင်သံကြားဇာတ်လမ်းများတွင် ပါဝင်ကူညီခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပွဲသို့တက်ရောက်၍ ဂုဏ်ပြုကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် "သုတစုံလင်စာပေရေချမ်းစင်" ရုပ်မြင်ဇာတ်လမ်းများတွင် ပါဝင်ကူညီခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ရာ ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ဒါရိုက်တာ အကယ်ဒမီဇော်မြင့်ဦး၊ အကယ်ဒမီ ခန့်စည်သူ၊ အကယ်ဒမီ မေသဉ္ဇာဦး၊ အကယ်ဒမီ ခင်မိုမိုအေး၊ သရုပ်ဆောင် ဇေယျနှင့် ဂီတမှူးအကယ်ဒမီ ခင်မောင်ကြီးတို့အား ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်လိုင် (လယ်တွင်းသားစောချစ်)နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်တို့က ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ယင်းနောက် အနုပညာရှင်များကိုယ်စား ဒါရိုက်တာ အကယ်ဒမီဇော်မြင့်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)




မြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးပိုက်ထွေး "သုတစုံလင်စာပေရေချမ်းစင်" ရုပ်မြင်သံကြားဇာတ်လမ်းများတွင် ပါဝင်ကူညီခဲ့သည့် အကယ်ဒမီခန့်စည်သူအား ဂုဏ်ပြုတံဆိပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းများ မြန်ဆန်သွက်လက်အောင်ဆောင်ရွက်ပေးမည်

ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ရသဖြင့် အချိန်ကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ပါသည်။ ဤသို့ကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ခြင်းကို အချိန်လျှော့ချဆောင်ရွက်နိုင်ရေးအတွက် ၁၈-၅-၂၀၁၃ ရက်နေ့မှစတင်ကာ တစ်နေ့ရာတည်းတွင် လုပ်ငန်းပြီးပြတ်သည့်စနစ်ကိုကျင့်သုံး၍ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(ယာယီ)ကို နေ့ချင်းပြီးထုတ်ပေးကာ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို ဆောင်ရွက်ပြီးချိန်တွင် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မူရင်းကို အစားထိုးလဲလှယ်ထုတ်ပေးခဲ့ပါသည်။ ဤသို့ ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများ စတင်နိုင်ရန်အတွက် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(ယာယီ)ကို အသုံးပြု၍ ဆောင်ရွက်နိုင်သော်လည်း မှတ်ပုံတင်ကတ်မူရင်းရရှိရေးအတွက် အချိန်နှစ်လခန့် စောင့်ဆိုင်းခဲ့ရပါသည်။

ပုဂ္ဂလိကကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြန်ဆန်သွက်လက်စွာဆောင်ရွက်နိုင်ရေးအတွက် ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းများ ယခင်နှစ်လခန့်အချိန်ယူဆောင်ရွက်ခဲ့ရာမှ ၂၅-၁၀-၂၀၁၃ ရက်နေ့မှစတင်ကာ သုံးရက်အတွင်း အပြီးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ကုမ္ပဏီမှတ်ပုံတင်ရာတွင် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(ယာယီ)ထုတ်ပေးတော့မည်မဟုတ်ဘဲ မူရင်းမှတ်ပုံတင်ကတ်ပြားကို ကုမ္ပဏီမှတ်ပုံတင်စတင်လျှောက်ထားသည့်နေ့မှစ၍ သုံးရက်အတွင်းစိစစ်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ




ဘုံကထိန် ၊ ဘုံကထိန်
ဘုံကထိန် လှည့်လို့လာ
တော်ဝင်ရတနာ
ဆင်ဖြူတော် လည်းပါ
ရဟန်းသံဃာသီးသန့်သုံး ဂွမ်းကပ်စောင်
သင်္ကန်း၊ ပရိက္ခရာဆိုင်တိုင်းတွင် ရနိုင်ပြီ။
01-223528 ၊ 0949231037




တောင်းဆုပြည့်... 0931815390, 0931815395
ကျိုက်ထီးရိုးစရိတ်ငြိမ်း(၃၅၀၀၀)(၆)ဦးဝယ် လျှင်(၁)ဦးအခမဲ့
ဈောင်းသာ(Hotel/Guest House)(ငြိမ်း)။ပုဂံ၊ညောင်ဦး၊ပုပ္ပါး(စယ်တော်လေးဆူ)။
တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကုလု၊ကလော၊အောင်ပန်း။ လက်မှတ်ကို အခမဲ့ ပို့ဆောင်ပေးသည်။
မန္တလေး၊မြင်ဦးလွင်၊စစ်ကိုင်း၊ဘုရားလေးဆူ၊နေပြည်တော်(တနင်္ဂနွေ)
ကားသီးသန့်/စရိတ်ငြိမ်းခရီးစဉ်များစီးလုံးငှားစီစဉ်ပေးသည်။ထိုင်တင်လက်မှတ်ရောင်းသည်။

# ထူးခြားမှုများနှင့် ပြည့်နှက်နေသည့် ယခုနှစ်၏ စာဆိုတော်များဂုဏ်ပြုသည့်ပွဲ

ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက ခေတ်အလိုက်ပေါ်ထွက်လာခဲ့ကြသည့် စာပေပညာရှင် အကျော်အမော်များကို ချီးမြှင့်ဂုဏ်ပြုလာခဲ့ကြသလို ယနေ့ခေတ်တွင်လည်း စာပေဘာသာရပ်အလိုက် ပေါ်ထွန်းလာခဲ့ကြသည့် စာပေပညာရှင်၊ အတတ်ပညာရှင်များကို အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုစသဖြင့် ဆုအမျိုးအစားများသတ်မှတ်ကာ ဂုဏ်ပြုချီးမြှင့်လျက်ရှိသည်။



ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးမျိုးမြင့်မောင်

ယင်းသို့စာပေပညာရှင်များကို ခေတ်အဆက်ဆက် ချီးမြှင့်ခဲ့ရာတွင် ယခုနှစ်စာပေဆုပေးပွဲသည် ယခင်နှစ်များနှင့်မတူ ထူးခြားသည့်ပွဲတစ်ပွဲဟု ဆိုရပေမည်။ ဆုပေးပွဲ မတိုင်မီ စာပေဆုရရှိခဲ့ကြသည့် စာပေပညာရှင်များ စာရင်းကို သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ ရှင်းလင်းခဲ့သည်။ ထူးခြားသည့် စာပေဆုပေးပွဲဟု ဆိုရခြင်းမှာ ၂၀၀၂ ခုနှစ်အတွက် စာပေဆုများရွေးချယ်ရာတွင် စာပေပညာရှင်၊ အသိဝညာရှင်၊အတတ်ဝညာရှင်၊ ပုံနှိပ်ထုတ်ပေဖြန့်ချိရေးလောကမှ လုပ်ငန်းရှင်များကသာ လွတ်လပ်စွာရွေးချယ်သည့်စနစ်ကို ကျင့်သုံးထားခြင်း၊ ဝန်ထမ်းများအနေဖြင့် ဆုရွေးချယ်ရေးတွင် လုံးဝပါဝင် ဝတ်သက်မှုမရှိဘဲ အုပ်ချုပ်မှုနှင့်ထောက်ပံ့မှုကိစ္စများတွင်သာ ပါဝင်ကူညီခြင်းနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပမည့်နေရာကို စာပေလောကသားများနှင့် စာပေပညာရှင်ကြီးများ အများစုနေထိုင်ရာ ရန်ကုန်မြို့၌ ဒီဇင်ဘာ ၃ ရက်(စာဆိုတော်နေ့)တွင် ကျင်းပရန် စီစဉ်ထားရှိကြောင်း သိရသည်။

"ဆုရွေးချယ်တဲ့နေရာမှာ အရင်နှစ်ကနဲ့မတူဘဲ ပြောင်းလဲမှုတွေရှိလာပါတယ်။ အမျိုးသားစာပေဆုတွေ၊ စာပေဗိမာန်စာမူဆုတွေရွေးချယ်ရာမှာ ပေးသင့်ပေးထိုက်တဲ့သူတွေ မကျန်ခဲ့ဖို့၊ ရသင့်ရထိုက်တဲ့သူတွေကို အမန်တကယ်ရွေးချယ်ပေးနိုင်ဖို့ စာပေပညာရှင်တွေ၊ စာနယ်ဇင်းလောကက အတွေ့အကြုံရှိတဲ့ ပုံနှိပ်ထုတ်ဝေသူတွေ ပါနိုင်သမျှပါနိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်"ဟု ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးမျိုးမြင့်မောင်က ရှင်းပြခဲ့သည်။

စာပေစိစစ်ရေးဖျက်သိမ်းပြီးနောက်ပိုင်း လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ရရှိလာသည့်အတွက် စာအုပ်စာပေများစွာ ထွက်ပေါ်လာသည့်အပေါ် ကြိုဆိုပါကြောင်းနှင့် အမျိုးသားစာပေဆုရွေးချယ်ရာတွင် ဆုရွေးချယ်ရေးစံနှုန်းများအပေါ်မှတည်ကာ စာပေပညာရှင်များ၏ အတွေ့အကြုံများဖြင့် လွတ်လွတ်လပ်လပ်၊ မှန်မှန်ကန်ကန်၊ မျှမျှတတ ရွေးချယ်ကြခြင်းဖြစ်သည့်အတွက် ယခုနှစ်ရရှိကြသည့် ဆုများသည် စာဖတ်ပရိသတ်၏ အကြိုက်နှင့် ထပ်တူကျလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယခုနှစ်တွင် ထူးခြားမှုအနေဖြင့် သက်ကြီးဝါကြီး စာပေပညာရှင်များမှာ ရန်ကုန်၌ အများဆုံးနေထိုင်ကြသည့်အပြင် စာဆိုတော်များကို ဂုဏ်ပြုသည့် စာပေလောကသားများ၏ ဂုဏ်ပြုပွဲဖြစ်သောကြောင့် စာပေလောကသားများ စုံစုံလင်လင်တက်ရောက်နိုင်စေရန် ရန်ကုန်မြို့၌ ပြောင်းလဲကျင်းပရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

၂၀၀၂ ခုနှစ်အတွက် စာပေဆုများရွေးချယ်ချီးမြှင့်ရာမှာ လျှို့ဝှက်မဲပေးစနစ်ဖြင့် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုပြီး အဆင့်ဟူ၍ စိစစ်ကာ ထွက်ရှိသမျှ စာအုပ်များအား ကျန်ခဲ့မှု၊ ချန်ခဲ့မှု မဖြစ်ရလေအောင် ဆောင်ရွက်ထားရှိကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

၂၀၁၂ ခုနှစ် အမျိုးသားစာပေဆုအတွက် ဘာသာရပ် ၁၆ မျိုး သတ်မှတ်ထားသော်လည်း လူငယ်စာပေဆု၊ ပြဇာတ်စာပေဆု၊ အင်္ဂလိပ်ဘာသာ(ရသ)စာပေဆုတို့ကို ပေးအပ်ချီးမြှင့်နိုင်ခြင်းမရှိဘဲ ဘာသာရပ် ၁၃ ခုကို ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ ယင်းအပြင် ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များတွင် အမျိုးသားစာပေတစ်သက်တာဆုကို တစ်နှစ်လျှင် တစ်ဦးစီသာ ရွေးချယ်ချီးမြှင့်ခဲ့သော်လည်း ယခုနှစ်တွင် သုံးဦးအထိ ရွေးချယ်ချီးမြှင့်နိုင်ခဲ့ကြောင်း၊ ယခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရရှိကြသူများမှာ ဆရာမကြီး ဒေါ်ခင်ဆွေဦး(ခင်ဆွေဦး)၊ ဆရာကြီး ဦးအောင်သင်း(အောင်သင်း)၊ ဆရာကြီး ဦးတင်မောင်(သိဂ္ဂမူးတင်) တို့ဖြစ်ကြသည်။

ဆုကြေးငွေတိုးမြှင့်မှုအပိုင်းတွင်လည်း ခေတ်ကာလနှင့် လိုက်လျောညီထွေဖြစ်အောင် တိုးမြှင့်မှုများ ဆက်တိုက်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အမျိုးသားစာပေတစ်သက်တာဆုအတွက် ချီးမြှင့်ငွေကို ယခင်က ၁၀ သိန်း ချီးမြှင့်ခဲ့ရာမှ ယခုနှစ်တွင် ၁၅ သိန်းအထိလည်းကောင်း၊ အမျိုးသားစာပေဆုအတွက် ဆုချီးမြှင့်ငွေကို ယခင် ငါးသိန်းချီးမြှင့်ခဲ့ရာမှ ယခုနှစ်တွင် ၁၀ သိန်းအထိလည်းကောင်း၊ စာပေဗိမာန်စာမူဆုများကို ပထမဆု နှစ်သိန်းမှ ငါးသိန်းအထိလည်းကောင်း၊ ဒုတိယဆု တစ်သိန်းခွဲမှ သုံးသိန်းအထိလည်းကောင်း၊ တတိယဆု တစ်သိန်းမှ နှစ်သိန်းအထိလည်းကောင်း တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ပြီး ဆုတံဆိပ်များကိုလည်း အမြတ်တနိုးသိမ်းဆည်းနိုင်မည့် ကောင်းမွန်ခိုင်ခံ့သည့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ကလောင်စွမ်းဖြင့် ပြည်သူများ၏ အသိပညာမျက်လုံးများကို ဖွင့်ပေးနိုင်ခဲ့ကြသည့် စာပေလောကသားများအား ဂုဏ်ပြုသည့်ပွဲတစ်ပွဲဖြစ်ပြီး စာဆိုပညာရှိ ကဝိအကျော်အမော်များကို ဂုဏ်ပြုသည့် နတ်တော်လ၏ စာဆိုတော်နေ့အခါသမယတွင် ကျင်းပမည့် အဆိုပါ စာပေဆုပေးပွဲ အခမ်းအနားသည် မြန်မာ့စာပေလောကတွင် ထူးခြားသော သမိုင်းမှတ်တိုင်တစ်ခုအဖြစ် တွင်ကျန်ရစ်နေမည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။ ။

**သတင်းနှင့် ဓာတ်ပုံ**
**မြိုးစန္ဒာမြင့်၊ အေးအေးမြင့်**

# ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ ခင်မြဇင်၏ ကောင်းကင်မိုးတိမ်ဝတ္ထုတိုများ အမျိုးသားစာပေဆုဆွတ်ခူး

ရန်ကုန် နိုဝင်ဘာ ၁၆

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၁၂ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များကိုစိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန်ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏အမည့်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်စာပေဆုတွင် ထက်နိုင်(တလုပ်မြို့)ရေးသားသည့် မပြောဖြစ်ခဲ့တဲ့စကား၊ ဝတ္ထုတိုပေါင်းချုပ် စာပေဆုတွင် ခင်မြဇင်ရေးသားသည့် ကောင်းကင်မိုးတိမ်ဝတ္ထုတိုများ၊ ကဗျာပေါင်းချုပ်စာပေဆုတွင် ကို(တက္ကသိုလ်)ရေးသားသည့် မြကန်သာကဗျာပေါင်းချုပ်၊ စာပဒေသာစာပေဆုတွင် ဒေါက်တာခင်လက်ျာရေးသားသည့် ဖေဖေဗိုလ်လက်ျာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် စတီဗဲန်နီကိုယိုရေးသားသည့် ချင်းယဉ်ကျေးမှုမလေ့ထုံးတမ်း၊ ကလေးစာပေဆုတွင် ရွှေမြိုင်ပြုံးလဲ့မော် ရေးသားသည့် အရုဏ်ဦးမှာဖူးတဲ့ပန်း ကလေးကဗျာများ၊ ဘာသာပြန် (သုတ) စာပေဆုတွင် မောင်မြင့်ကြွယ်ရေးသားသည့် မြန်မာမြည့်မှနေ့ရက်များ၊ ဘာသာပြန်(ရသ)စာပေဆုတွင် တင်မောင်မြင့်ရေးသားသည့် ဖြစ်မှုနှင့် ပြစ်ဒဏ်၊ သုတဝဒေသာ (ဝိဇ္ဇာ)စာပေဆုတွင် မောင်ဟုန်ဝမ် (ကထိက) ရေးသားသည့် မင်းသုပဏ်နှင့် ကဗျာ(ကဗျာလေ့လာချက်)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)စာပေဆုတွင် ကျော်ဦးရေးသားသည့် ရေကြည်တစ်ပေါက်၊ သုတပဒေသာ (အသုံးချသိပ္ပံ) စာပေဆုတွင် ဒေါက်တာခင်စန်းမော်ရေးသားသည့် တီရွှာန်များမှ လူကိုကူးစက်တတ်သည့်ရောဂါများ၊ နိုင်ငံရေးစာပေဆုတွင် ကျော်ဝင်းရေးသားသည့် မြန်မာ့နိုင်ငံရေး လေ့လာဆန်းစစ်ချက် (၁၉၄၈-၁၉၈၈)၊ အင်္ဂလိပ်ဘာသာ(သုတ) စာပေဆုတွင် မြင့်အောင်ရေးသားသည့် Revealing Myanmar's Past: An Anthology of Archaeological Articles စာအုပ်တို့ကို ဆုရွေးချယ် ချီးမြှင့်ကြောင်း ကြေညာသည်။

အမျိုးသားစာပေဆုဘာသာရပ်များကို ချီးမြှင့်ခဲ့ရာတွင် ၂၀၁၀ ခုနှစ်မှ စတင်၍ အင်္ဂလိပ်ဘာသာစာအုပ်ဆုကို တိုးမြှင့်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင်မှ အဆိုပါအင်္ဂလိပ်ဘာသာ စာအုပ်ဆုကို သုတနှင့်ရသဟူ၍ ခွဲခြားချီးမြှင့်ခဲ့သည့်အတွက် စုစုပေါင်းဘာသာရပ် ၁၆ မျိုးဖြစ်လာခဲ့ရာ ယင်းတို့အနက် ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် လူငယ်စာပေဆု၊ ပြဇာတ်စာပေဆုနှင့် အင်္ဂလိပ်သာဘာ စာအုပ် (ရသ)စာပေဆုတို့အတွက် ဆုများရွေးချယ်ချီးမြှင့်နိုင်ခြင်းမရှိကြောင်း သိရသည်။

အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီက စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူ စသည့် ပုဂ္ဂိုလ် ၉၅ ဦးပါဝင်သောအဖွဲ့ဖြင့် မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနမှပေးပို့လာသော ၂၀၁၂ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၂၃၂၉ အုပ်မှ သက်ဆိုင်ရာဘာသာရပ်အလိုက် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့် စသည့် အဆင့်သုံးဆင့်ဖြင့် ရွေးချယ်ခဲ့ကြခြင်း ဖြစ်သည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ စာပေဆုများချီးမြှင့်ရေးအတွက် အုပ်ချုပ်ထောက်ပံ့မှုကော်မတီ တယ်လီဖုန်းအမှတ် ၀၁-၃၇၆၅၆၉၊ စီမံရေးရာဌာန ဖုန်းအမှတ် ၀၁-၃၈၁၄၄၉ တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် ၅ လက်မ× ၇ လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ်ဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ(တစ်ပတ်အတွင်း) ပေးပို့ရန်နှိုးဆော်ထားကြောင်း သိရသည်။

ဆုရစာအုပ်များကို ထုတ်ဝေသည့် စာပေတိုက်များကိုလည်း ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်နိုင်ရေးအတွက် ဖိတ်ကြားသွားမည်ဖြစ်ကြောင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်(အင်္ဂါနေ့) ၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေဆုများ

| စဉ် | ဘာသာရပ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|---|
| ၁။ | ဝတ္ထုရှည် | မပြောဖြစ်ခဲ့တဲ့စကား | ထက်နိုင်(တလုပ်မြို့) | ပန်းဝေဝေစာပေ |
| ၂။ | ဝတ္ထုတိုပေါင်းချုပ် | ကောင်းကင်မိုးတိမ် ပတ္ထုတိုများ | ခင်မြဇင် | ရာပြည့်စာပေ |
| ၃။ | ကဗျာပေါင်းချုပ် | မြကန်သာ ကဗျာပေါင်းချုပ် | ကို(တက္ကသိုလ်) | မြဝတီစာပေတိုက် |
| ၄။ | စာပဒေသာ | ဖေဖေဗိုလ်လက်ျာ | ဒေါက်တာခင်လက်ျာ | ဇွန်ပွင့်စာအုပ်တိုက် |
| ၅။ | မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ | ချင်းယဉ်ကျေးမှုဓလေ့ထုံးတမ်း | စတီဗဲန်နီကိုယို | ဇင်ရတနာစာပေတိုက် |
| ၆။ | ကလေးစာပေ | အရုဏ်ဦးမှာဖူးတဲ့ပန်း ကလေးကဗျာများ | ရွှေမြိုင်ပြုံးလဲ့မော် | နိုင်ငံ့ဂုဏ်ရည် |
| ၇။ | ဘာသာပြန်(သုတ) | မြန်မာမြည့်မှ နေ့ရက်များ | မောင်မြင့်ကြွယ် | လောကသစ်စာပေ |
| ၈။ | ဘာသာပြန်(ရသ) | ဖြစ်မှုနှင့်ပြစ်ဒဏ် | တင်မောင်မြင့် | ရာပြည့်စာပေ |
| ၉။ | သုတပဒေသာ(ဝိဇ္ဇာ) | မင်းသုဝဏ်နှင့်ကဗျာ (ကဗျာလေ့လာချက်) | မောင်ဟုန်ပမ်(ကထိက) | မုဝံစာပေ |
| ၁၀။ | သုတပဒေသာ (ရိုးရိုးသိပ္ပံ) | ရေကြည်တစ်ပေါက် | ကျော်ဦး | ပါရမီစာပေ |
| ၁၁။ | သုတပဒေသာ (အသုံးချသိပ္ပံ) | တီရွှာန်များမှ လူကိုကူးစက် တတ်သည့်ရောဂါများ | ဒေါက်တာခင်စန်းမော် | Wisdom House |
| ၁၂။ | နိုင်ငံရေး | မြန်မာ့နိုင်ငံရေးလေ့လာ ဆန်းစစ်ချက်(၁၉၄၈-၁၉၈၈) | ကျော်ဝင်း | ကန့်ကော်မြိုင်စာပေ |
| ၁၃။ | အင်္ဂလိပ်ဘာသာ (သုတ) | Revealing Myanmar's Past: An Anthology of Archaeological Articles | မြင့်အောင် | ထွန်းဖောင်ဒေးရှင်း |

# တန်ဆောင်မုန်းလပြည့်နေ့တွင် ဆေးပေါင်းခပွဲတော် ပြည်သူ့ရင်ပြင်၌ ကျင်းမမည်

ရန်ကုန် နိုဝင်ဘာ ၁၆

မြန်မာ့ရိုးရာဗေဒင်ဆရာများ စီစဉ်သည့် ဆေးပေါင်းခပွဲတော်ကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ် ဟက်ပီးဇုန်(Happy Zone) ကစားကွင်း၌ နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီမှ ည ၉ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပွဲတွင် မြန်မာ့ရိုးရာ စောင်းပညာ၊ မျက်လှည့် ဖျော်ဖြေပွဲများ၊ မြန်မာ့ရိုးရာသိုင်း၊ လက်ဝှေ့စသည့် ဖျော်ဖြေမှုများအပြင် လာရောက်သည့် ဧည့်ပရိသတ်များအား မဲဇလီဖူးသုပ်ကျွေးခြင်း၊ မနောမယလက်ဖက်ရည်တို့နှင့် ဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

အစီအစဉ်ကျင်းပရာတွင် ပါဝင်သူ ဆရာဇင်ယော်နီက "ပွဲန်းလွဲ ၂ နာရီမှာ ရောက်လာတဲ့ ဧည့်ပရိသတ်တွေကို အခမဲ့ဗေဒင်ဟောပေးမယ်၊ ဝမ္မီရလက်ဆောင်တွေပေးမယ်၊ အချို့ဗေဒင်ဟောပေးလို့ ဝွေလှူခဲ့ရင်လည်း ဒီငွေတွေကို အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာငါးထပ်ကျောင်းဆောက်လုပ်ရာမှာ လှူဒါန်းသွားမယ်" ဟုပြောကြားသည်။

ဆေးပေါင်းခပွဲတော်ကို ရန်ကုန်မြို့တွင်သာမက မန္တလေး၊ ပဲခူး၊ ပုဂံ၊ ပုသိမ်၊ နတ်မောက်၊ ကျောင်းကုန်း စသည့်မြို့များတွင်လည်း တစ်ပြိုင်တည်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သီသီမင်း)

○ ရှေ့ဖုံးမှ

ဦးဆောင်ပြီး ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပတ်အသင်းအဖွဲ့ဝင်များက ပဒေသာပင်နေရာချထားခြင်း၊ လှူဖွယ်ပစ္စည်း စီမံခန့်ခွဲမြင်းများအား စနစ်တကျဆောင်ရွက်ပေးကြသည်။ ကထိန်လှည့်လည့်ကြသည့် ရပ်ကွက်များနှင့် အဖွဲ့အစည်းများမှ ပဒေသာပင်များစာရင်းကို မြို့လယ်ဓမ္မာရုံတွင် သွားရောက်စာရင်းပေးသွင်းကြပြီး လှူဒါန်းမည့် ကျောင်းများသို့ ပဒေသာပင်များကို ပို့ဆောင်ကြကြောင်း သိရသည်။

(ပ၀၂)

လူကုန်ကူးမှု တားဆီးရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး

နိုင်ငံတကာသတင်း



# ဓနသဟာယနိုင်ငံများအဖွဲ့ ထိပ်သီးဆွေးနွေးပွဲ သီရိလင်္ကာနိုင်ငံ မြို့တော်ကိုလံဘို၌ဖွင့်လှစ်

ကိုလံဘို နိုဝင်ဘာ ၁၆

ဓနသဟာယနိုင်ငံများအဖွဲ့၏ ထိပ်သီးဆွေးနွေးပွဲကို သီရိလင်္ကာနိုင်ငံ မြို့တော်ကိုလံဘို၌ နိုဝင်ဘာ ၁၅ ရက်တွင် ဖွင့်လှစ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ခမ်းနားသိုက်မြိုက်စွာ ကျင်းပသော ဖွင့်ပွဲအခမ်းအနားနှင့်အတူ ဗြိတိန်နိုင်ငံ၏ ချားစ်မင်းသားက ထိပ်သီးဆွေးနွေးပွဲကို တရားပင်ဖွင့်လှစ်ပေးခဲ့သည်။ ချားစ်မင်းသားသည် ၎င်း၏မယ်တော် ဓနသဟာယအဖွဲ့၏ အကြီးအကဲ ဒုတိယမြောက် အယ်လစ်ဇဘက်ဘုရင်မကြီးကို ကိုယ်စားပြုလျက် ပထမဆုံးအကြိမ် ထိပ်သီးဆွေးနွေးပွဲကို တရားဝင်ဖွင့်လှစ်ပေးခြင်း ဖြစ်သည်။

မနသဟာယအဖွဲ့ အစိုးရအဖွဲ့အကြီးအကဲများ အစည်းအဝေး ကျင်းပရာနေရာသို့ နိုဝင်ပေါင်း ၄၉ နိုင်ငံမှ နိုင်ငံ့အကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများ ဆိုက်ရောက်လာချိန်တွင် ရိုးရာအတီးအမှုတ်၊ အကအခုန်များဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

သီရိလင်္ကာအစိုးရအဖွဲ့၏ လူ့အခွင့်အရေးမှတ်တမ်းများနှင့် ပတ်သက်၍ သမ္မတ ရာဂျာပက်ဆာက ၎င်း၏ အဖွင့်မိန့်ခွန်းတွင် ကာကွယ်ပြောကြားခဲ့သည်။ သီရိလင်္ကာနိုင်ငံသည် ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်းနှင့် စီးပွားရေးအခွင့်အလမ်းများ အထူးကောင်းမွန်ခြင်းတို့နှင့် ပြည့်စုံလာစေမည့် ခေတ်သစ်တစ်ခေတ်သို့ ချင်းနင်းဝင်ရောက်လာပြီဖြစ်ကြောင်း၊ ၂၀၀၉ ခုနှစ်တွင် အကြပ်းဖက်မှုများကို ဆုံးခန်းတိုင်စေခဲ့ပြီးနောက် အသက်ရှင်သန်နေထိုင်ခွင့်ဟူသော လူ့အခွင့်အရေး၏ အကြီးမားဆုံး ရည်မှန်းချက်အတွက် အစိုးရက အလေးပေးဆောင်ရွက်လျက်ရှိကြောင်း သမ္မတ ရာဂျာပက်ဆာက ပြောကြားသည်။ ပိတ်အိုင်။



နိုဝင်ဘာ ၁၄ရက်က ဗြိတိန်မင်းသားကြီး ကိုလံဘိုမြို့သို့ လေယာဉ်ဖြင့် ဆိုက်ရောက်လာရာ ကခြေသည်များက ကြိုဆိုနှုတ်ဆက်စဉ်။

## ဆီးရီးယားဓာတုလက်နက် ဖျက်သိမ်းရေး နော်ဝေ ပါဝင်ကူညီမည်

အော်စလို နိုဝင်ဘာ ၁၆

ဆီးရီးယားနိုင်ငံ၏ ဓာတုလက်နက်များ ဖျက်သိမ်းရေးအစီအစဉ်အတွက် အမေရိကန်ပြည်ထောင်စု၏ မေတ္တာရပ်ခံချက်ကိုလက်ခံကာ နော်ဝေနိုင်ငံက အကူအညီများပေးအပ်သွားမည်ဖြစ်ကြောင်း အစိုးရ၏ နိုဝင်ဘာ ၀၅ ရက် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

နော်ဝေနိုင်ငံခြားရေးဝန်ကြီး ဘော်ဂီဘရန်ဒ်းက နိုဝင်ဘာ ၁၄ ရက်တွင် အော်စလိုမြို့၌ ပြောကြားရာတွင် လောလောဆယ် မည်သည့်အရပ်ဒေသ၌ ဖျက်ဆီးမည်ဟုမသိရသေးသော ဆီးရီးယားဓာတုလက်နက်များအား သယ်ယူပို့ဆောင်ရာတွင် မိမိနိုင်ငံ၏ အရပ်ဘက်ရေယာဉ်များ အသုံးပြုခွင့်ပေးမည်ဖြစ်ပြီး ယင်းရေယာဉ်များ၏လုံခြုံရေးအတွက် နော်ဝေရေတပ်မှ ဖျက်သင်္ဘောများကို အစောင့်အကြပ်အဖြစ် လိုက်ပါစေမည်ဟုဆိုသည်။

ယင်းဓာတုလက်နက်များ ဖျက်သိမ်းရေး အစီအစဉ်အတွက် နော်ဝေအစိုးရက ယင်းနိုင်ငံသုံးငွေ ကရုန်းသန်း ၉၀ (ယူရိုငွေ ၁၀ ဒသမ ၈သန်း၊ သို့မဟုတ် အမေရိကန်ဒေါ်လာ ၁၅ သန်း)ကို ကုလသမဂ္ဂအဖွဲ့က ကြီးကြပ်သည့် ဓာတုလက်နက်ဖျက်သိမ်းရေး ရန်ပုံငွေသို့ လှူဒါန်းမည်ဖြစ်သည်။

ဆီးရီးယားနိုင်ငံရှိ ဓာတုလက်နက် တန်ချိန် ၁၀၀၀ခန့်ကို ၂၀၁၄ခုနှစ် ဇွန် ၃၀ရက်နောက်ဆုံးထား၍ ဖျက်သိမ်းပစ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ထားပြီးဖြစ်သည်။ ဘာဘစ်။

## ကွန်ပျူတာကွန်ရက်စနစ် တိုက်ခိုက်မှုဟန့်တားရေး အရှေ့တောင်အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်သင့်

စင်ကာပူ နိုဝင်ဘာ ၀၆

အရှေ့တောင်အာရှဒေသနိုင်ငံများသည် ကွန်ပျူတာကွန်ရက်စနစ်အား တိုက်ခိုက်သူများ၏ ခြိမ်းခြောက်မှုများကို ဟန့်တားနိုင်ရန် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်သင့်ကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက တိုက်တွန်းလိုက်သည်။




စင်ကာပူဝန်ကြီးချုပ်၏ အင်တာနက်ဝက်ဘ်ဆိုက်အား ဟက်ကာတိုက်ခိုက်ခဲ့ပုံကို တွေ့ရစဉ်။

စင်ကာပူဝန်ကြီးချုပ်၏ အင်တာနက် ဝက်ဘ်ဆိုက်ကို ကွန်ပျူတာအဖျက်အမှောင့်ပြုလုပ်မှု ပေါ်ပေါက်လာခဲ့ပြီးနောက် ၎င်းက အထက်ပါအတိုင်း တိုက်တွန်းခြင်း ဖြစ်သည်။ စင်ကာပူနိုင်ငံ၌ အင်တာနက် လွတ်လပ်ခွင့်ပိုမိုရရှိရေး လုပ်ရှားသူများက ဝန်ကြီးချုပ်၏ ဝက်ဘ်ဆိုက်ကို တိုက်ခိုက်ခဲ့သည်ဟု ယူဆရသည်။

ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ဝက်ဘ်ဆိုက်များကို စင်ကာပူနိုင်ငံရှိ ဟက်ကာများက အဖျက်အမှောင့်ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့ကို ဥပဒေနှင့်အညီ တရားစွဲဆိုသွားနိုင်ရန် မိမိ ကြိုးပမ်းမည်ဖြစ်ကြောင်း လီရှန်လွန်းက ပြောကြားသည်။

သမ္မတနှင့် ဝန်ကြီးချုပ်တို့၏ အင်တာနက် ဝက်ဘ်ဆိုက်များကို တိုက်ခိုက်မှု ပြုလုပ်ခဲ့သည်ဟု သံသယရှိသူ စင်ကာပူနိုင်ငံသားငါးဦးကို စစ်မေးစစ်ဆေးလျက်ရှိသည်။ ပိတ်အိုင်။

## မိုင်ယာမီကမ်းလွန်ပင်လယ်တွင် လေယာဉ်ပေါ်မှ လူတစ်ဦး ပင်လယ်ထဲသို့ ပြုတ်ကျ

မိုင်ယာမီ နိုဝင်ဘာ ၁၆

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် မိုင်ယာမီမြို့ ကမ်းလွန်ဝင်လယ်ဖြင့်တွင် လေယာဉ်တစ်စင်းပေါ်မှ ခရီးသည်တစ်ဦး ပင်လယ်ထဲသို့ပြုတ်ကျသည့် တန်လုပ်ဖွယ်ရာ ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း နိုဝင်ဘာ ၁၅ ရက် သတင်းတွင် ဖော်ပြသည်။

အဆိုပါ လေယာဉ်သည် ပုဂ္ဂလိကပိုင် လေယာဉ်ငယ်တစ်စင်းဖြစ်ပြီး အမြဲဝမေ ၂၀၁၀ ခန့်တွင် ပျံသန်းနေစဉ် လေယာဉ်အတွင်းမှ လူတစ်ဦးပြုတ်ကျခြင်းဖြစ်ကြောင်းလေကြောင်း ပျံသန်းမှုအုပ်ချုပ်ရေးအဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ် ကက်သလင်းဘားဂျင်က ပြောကြားသည်။

ဖလော်ရီဒါပြည်နယ် အရှေ့တောင်ဘက်ရှိ မိုင်ယာမီအိပ်ဇက်ကတစ်လေဆိပ်သို့ အဆိုပါလေယာဉ် ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့ကြောင်း၊ ပြုတ်ကျသွားသူအား ကမ်းခြေစောင့်တပ်ဖွဲ့နှင့် မိုင်ယာမီ-ဒိတ်မီးသတ်တပ်ဖွဲ့က ရှာဖွေလျက်ရှိကြောင်း၊ ယင်းလေယာဉ်စတင်ပျံသန်းလာသည့်နေရာကို မသိရသေးကြောင်း၊ လေယာဉ်ပေါ်တွင် လူမည်မျှ လိုက်ပါသည်ကိုလည်း မသိရသေးကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းလေယာဉ်မှ လေယာဉ်မှူးက အဆိုပါဖြစ်ရပ် ဖြစ်ပွားကြောင်း လေကြောင်း ထိန်းသိမ်းရေးမျှော်စင်သို့ ရေဒီယိုဖြင့် သတင်းပို့ခဲ့သည်။ လေယာဉ်စီးနင်းလိုက်ပါလာသူတစ်ဦးသည် လေယာဉ်နောက်ပိုင်းရှိ တံခါးမကြီးကို ဖွင့်လှစ်ရာမှ ပြုတ်ကျသွားခြင်းဖြစ်ကြောင်း လေယာဉ်မှူးက ပြောကြားသည်။ ယူပီအိုင်။






ယနေ့ ဆောင်းပါး

**ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမှ ရှောင်ကြဉ်သည့် အခြေခံမူကိုကို အပြည့်အဝ လေးစားမည်**

စာမျက်နှာ - ၄

**တနင်္ဂနွေအထူးထုတ်ပါရှိ**

ယနေ့ထုတ် ကြေးမုံ သတင်းစာတွင် တနင်္ဂနွေ အထူးထုတ် အပိုရှစ်မျက်နှာ ပါရှိပါသည်။

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အင်းလေးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက ညောင်ရွှေမြို့ရှိ အင်းလေးရတနာစံကျောင်းတော်ကြီး၌ ဖောင်တော်ဦးမြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကာ(အောက်ပုံ) အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။



ဆက်လက်၍ ဖောင်တော်ဦးဘုရား သာသနာ့ဗိမာန်၌ ဝတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝဝတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ဒုတိယသမ္မတအား ရှင်းလင်းတင်ပြသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်းတို့က ဝတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အင်းလေးကန်ရေရှည်တည်တံ့ရေးဆောင်ရွက်မှုနှင့် Trust Fund တည်ထောင်ထားရှိမှုတို့ကို တင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ပြောကြားရာတွင် အင်းလေးကန်သည် ကမ္ဘာပေါ်ရှိ ထူးခြားသော ရေကန်များစာရင်းတွင် တစ်ခုအပါအဝင်ဖြစ်သကဲ့သို့ နိုင်ငံတကာကလည်း စိတ်ဝင်စားလျက် ရှိပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရကလည်း အင်းလေးကန်သာယာလှပရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယသမ္မတက ယခုဆိုလျှင် အင်းလေးကန်သည် တဖြည်းဖြည်း ကျဉ်းမြောင်းလာပြီး နန်းဝိုချမှုများကြောင့် ကန်ကြမ်းပြင်လည်း မြင့်တက်လာပါကြောင်း၊ အင်းလေးဒေသတွင် စာမျက်နှာ ၈ ကော်လံ ၁ သို့ ✿

## ၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု ထုတ်ပြန်ကြေညာ စာပေလောကတွင် ထင်ရှားကျော်ကြားသည့် ခင်ဆွေဦး၊ အောင်သင်းနှင့် သိပ္ပံမျိုးတင်တို့ရရှိ

ရန်ကုန် နိုဝင်ဘာ ၁၆

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် ဆရာမကြီး ဒေါ်ခင်ဆွေဦး(ခင်ဆွေဦး)၊ ဆရာကြီး ဦးအောင်သင်း(အောင်သင်း)နှင့် ဆရာကြီး ဦးတင်မောင်(သိပ္ပံမျိုးတင်)တို့အား ၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင် ၉၅ ဦးမှ အဆိုပြုအမည်စာရင်း ပေးပို့တင်သွင်းလာမှုများအပေါ် မူတည်၍ အမျိုးသားစာပေဆု(အတည်ပြုအဆင့်)တွင် ပါဝင်သည့် စာပေပညာရှင်များ ရှေ့မှောက်၌ ပွင့်လင်းမြင်သာစွာ ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်ကပင် စတင်ချီးမြှင့်ခဲ့ပြီး ဆုရရှိပြီးသော စာပေပညာရှင်ကြီးများမှာ စည်သူဦးလုကြိုင်(ပါရဂူ)(ကွယ်လွန်)၊ စည်သူဦးထင်ဖတ်(မောင်ထင်)(ကွယ်လွန်)၊ စည်သူဦးငွေမောင်(ငွေမောင်)၊ စည်သူဦးလေးမြိုင်(လေးမြိုင်)၊ စည်သူဒေါ်ရင်ရင်(စောမုံညင်း)(ကွယ်လွန်)၊ စည်သူဒေါ်ကြန်(မကြန်)၊ စာမျက်နှာ ၈ ကော်လံ ၅ သို့ ❋

## တောင်ကိုရီးယားနိုင်ငံတွင် လူနေအဆောက်အအုံပေါ်သို့ ရဟတ်ယာဉ်တစ်စင်းပျက်ကျ၊ နှစ်ဦးသေဆုံး

ဆိုးလ် နိုဝင်ဘာ ၁၆

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၏ လူသိများထင်ရှားသော ဂန်းနမ်းခရိုင်ရှိ လူနေအထပ်မြင့် အဆောက်အအုံတစ်ခုပေါ်သို့ ရဟတ်ယာဉ်တစ်စင်း ပျက်ကျသွားခဲ့ရာ(အောက်ပုံ) လေယာဉ်မှူးနှစ်ဦး သေဆုံးသွားခဲ့ကြောင်း မီးသတ်သမားများက ပြောကြားသည်။

LG အီလက်ထရွန်နစ်ကော်ပိုရေးရှင်းကပိုင်ဆိုင်သော အဆိုပါရဟတ်ယာဉ်သည် နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီ ၅၅ မိနစ်ခန့်တွင် ၃၈ ထပ်မြင့်သည့် အဆောက်အအုံတစ်ခုပေါ်သို့ ထိုးဆင်းသွားခဲ့ပြီးနောက် မြေပြင်သို့ ပြုတ်ကျသွားခဲ့ရာ ရဟတ်ယာဉ်ပေါ် လိုက်ပါလာသည့် လေယာဉ်မှူးနှစ်ဦးစလုံး သေဆုံးသွားခဲ့ကြောင်း ယွန်ဟပ်သတင်းဌာနက ရေးသားဖော်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ○



## လက်ပံတောင်းတောင်စီမံကိန်းကျေးရွာအချို့ တရားဥပဒေစိုးမိုးရေးနှောင့်ယှက်မှုမြို နစ်နာဆုံးရှုံးမှုများကို ဥပဒေဘောင်အတွင်းမှ နည်းလမ်းတကျ ဖြေရှင်းသင့်

နေပြည်တော် နိုဝင်ဘာ ၁၆

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေအတွင်း ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၄၄၀/၄) အရှေ့ဘက်တွင် လုံခြုံရေးတာဝန်ယူထားသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကင်းစခန်းနေရာသို့ နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီတွင် မိုးကြိုးပြင်အလယ်ရွာမှ ရွာသူ ရွာသား၈၅ ဦးခန့် ရောက်ရှိလာပြီး နှစ်ထပ်ဘန်ကာနှင့် သံဆူးကြိုးများ၊ ဘယ်ရီဂိတ်များဖယ်ရှားပေးရေးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရုပ်သိမ်းပေးရေး စာမျက်နှာ ၃ ကော်လံ ၁ သို့ ✮


Myanmar Furniture Co.,Ltd.

ROYAL
MODERN FURNITURE



Our Marketing Team's Service

Free Design Consultation

Free Transportation

Free Installation

Customized Furniture Available



Ph : 09 7321 7315, 09 431 67682, 09 4500 14454, 09 730 35590